**MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.**
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၂၄ ခုနှစ်မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေများပေါ် အခြေခံ၍ ၂၀၂၄ ခုနှစ် ဇွန်လ (၂၁) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ အဆိုပြုအမြတ်ဝေစုပမာဏ ကို သာမန် အစုရှယ်ယာ တစ်စုလျှင် ကျပ် ( ၂၀၀ ) နှုန်းခွဲဝေရန် ဆုံးဖြတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ( ၂၇ ) ရက်နေ့တွင် အွန်လိုင်းအသုံးပြု၍ ကျင်းပပြုလုပ်ရန် ရည်ရွယ်ထားသည့် အဌမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်လည်း အစုရှယ်ယာရှင်များအား အဆိုပါအမြတ်ဝေစုပမာဏကို ခွဲဝေပေးမည် ဖြစ်ကြောင်း အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အနေဖြင့် အဆိုပါ အမြတ်ဝေစု ခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့အထိ အရောင်းအဝယ်ပြုလုပ် ထားပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် အမြတ်ဝေစုခံစားခွင့် ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (YSX Record Date) နေ့တွင်ရှိသော အစုရှယ်ယာရှင် စာရင်းအရ သတ်မှတ်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစုရှယ်ယာရှင်များထံ အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို အဌမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကျင်းပပြီးသည့်နောက်တွင် အသိပေးကြေညာသွားမည် ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေး ရှင်းတမ်းများ ကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၅) ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

## ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်း

| | ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့(တနင်္လာနေ့) |
| အမြတ်ဝေစုခံစားခွင့်မရှိသောအစုရှယ်ယာဝယ်ယူသည့်ရက် (EX Date) | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ (အင်္ဂါနေ့) |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင် အဖြစ် အတည်ပြုမည့် ရက် (YSX Record Date) | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ (ကြာသပတေးနေ့) |
| စုစုပေါင်း အမြတ်ဝေစုခွဲဝေသည့်ပမာဏ | ၄,၇၆၀,၉၈၉,၂၀၀ - ကျပ် (အစုရှယ်ယာတစ်စုလျှင် (၂၀၀) ကျပ်နှုန်း) |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | ထပ်မံကြေညာပါမည် |

*အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် (Ex-dividend Date) ဆိုသည်မှာ ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စာရင်းရှင်းခြင်းနှင့် ပေးချေခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်း (T+3 Settlement) အရ အမြတ်ဝေစုရရှိရန်အတွက် နောက်ဆုံးဝယ်ယူရမည့်နေ့ရက်သည် အမြတ်ဝေစုခံစားခွင့် ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date) မတိုင်မီ (၃)ရက် ဖြစ်ရပါမည်။ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) မတိုင်မီ အလုပ်ဖွင့်သည့် ရှေ့(၂)ရက်မှစ၍ အစုရှယ်ယာဝယ်ယူပါက အဆိုပါ အစုရှယ်ယာအား ဝယ်ယူသူ သည် ယခုအဆိုပြုထားသည့် အမြတ်ဝေစုကို ခံစားခွင့်ရရှိမည်မဟုတ်ပါ။

** အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date) ဆိုသည်မှာ အဆိုပါနေ့ရက်တွင် အစုရှယ်ယာရှင်စာရင်း၌ မှတ်တမ်းဝင်သော အစုရှယ်ယာရှင်များသည် အစုရှယ်ယာရှင် ရရှိမည့်အခွင့်အရေးများ (အမြတ်ဝေစုနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မဲပေးခွင့်)ကို ရရှိမည်ဖြစ်ပါသည်။

"Record Date" ၏ အဓိပ္ပာယ်အားပိုမိုသိရှိနားလည်နိုင်ရန် YSX ၏ ရှင်းလင်းချက်ကို https://ysx-mm.com/notice/notice-27062016_01/ တွင်ဖတ်ရှုနိုင်ပါသည်။

ရန်လင်း
ဘုတ်အဖွဲ့အတွင်းရေးမှူး